# သီချင်းဆိုတဲ့
# ငှက်ကလေးများ

- ရွှေချိုးကူသံ ကြိုးကြာသံ
  နားဝင်ပီယံ ဖိုးထိုက်တန်၊
  ကရဝိက်သံ ချိုမြအေး
  တစ်တီတူးရဲ့သံဝါတေး။

- မိုးဆွေငှက်လေး သံသာချို
  လွမ်းတေးသီဖွဲ့ဥသြပျို၊
  ညမှာတေးဆို အပြင်ထွက်
  မျက်လုံးပြူးပြူး ရွှေဇီးကွက်။

- ရွှေပြည်စိုးငှက် ချိုတေးဆင်
  ရွှေဖိုးခေါင်ရဲ့တေးသံလွှင်၊
  ငွေစင်ရော်လေးပျံကာဝဲ
  သီဆိုတေးသံနားမှာစွဲ။



- အမြဲတမ်းပဲ ကြားနေချင်
  ငှက်ကလေးများရဲ့ တေးသံစဉ်၊
  ပျော်ရွှင်ပါစေ ဆုခြွေထား
  သီချင်းဆိုတဲ့ ငှက်ကလေးများ။ ။